စကားပြောကြေးနန်း(နေပြည်တော်)
ဖုံး ၀၆၇ - ၄၁၁၁၄၈
၀၆၇ - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ် -------
ရက်စွဲ -------

စာအမှတ်၊ ၁(က)(၁)၂၀၂၃( ၇၂၈၇ )ကလရ။

ရက်စွဲ၊၂၀၂၃ခုနှစ်၊ ဩဂုတ်လ( ၁၅ )ရက်။

**Training Course /Diploma for Anaesthesia သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bangkok Anaesthesia Regional Training Center (BARTC) တွင် (၁၆-၁-၂၀၂၄) ရက်နေ့မှစ၍ (၁)နှစ်ကြာ သင်ကြားပို့ချမည့် Training Course/ Diploma For Anaesthesia သင်တန်းသို့ ပညာသင်စေလွှတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်မှတဆင့် လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားပါသည်။

__လိုအပ်သောအရည်အချင်းများ__

၁။ လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းသည်လည်း နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့်ပြုနိုင်ငံသားများကိုလည်း လျှောက်ထားခွင့်ပြုပါသည်။)

၂။ လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် M.Med.Sc (Anaesthesia) ဘွဲ့ရရှိပြီးနောက် လုပ်သက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

၃။ မေ့ဆေးအထူးပြုဘာသာရပ်ဖြစ်သော ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်မှုဆိုင်ရာမေ့ဆေးပညာ (Neuro-anaesthesia) (သို့မဟုတ်) ကလေးခွဲစိတ်ကုသမှုဆိုင်ရာမေ့ဆေးပညာ (Paediatric anaesthesia) ဘာသာရပ်များတွင် စိတ်ဝင်စားသူဖြစ်ရပါမည်။

၄။ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ခန်း (သို့မဟုတ်) ကလေးခွဲစိတ်ခန်းများတွင် အနည်းဆုံး(၆)လ ထက်မနည်း မေ့ဆေးတာဝန်ထမ်းဆောင်နေသူဖြစ်ရပါမည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၀)နှစ်အောက်ရှိသူဖြစ်ရပါမည်။

၆။ နိုင်ငံခြားတွင် (၆)လနှင့်အထက် သင်တန်းတက်ရောက်ပြီးသူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိပြီးအနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

၇။ သင်တန်းမှပြန်လည်ရောက်ရှိပါက မေ့ဆေးပညာဘွဲ့လွန်သင်တန်းသားများ၊ အခြားသော လက်ထောက်ဆရာဝန်(မေ့ဆေး)များအား ပြန်လည်သင်ကြားနိုင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ်(၄)နှစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

လျှောက်လွှာတွင်ဖော်ပြရမည့်အချက်အလက်များနှင့် လျှောက်လွှာပေးပို့ရမည့်အစီအစဉ်။

၁။ အမည် (မြန်မာဘာသာဖြင့်) -
(အင်္ဂလိပ်ဘာသာဖြင့်) -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
ဆမ အမှတ် -

၂။ အဘအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-
အလုပ်အကိုင်

၃။ အမိအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-
အလုပ်အကိုင် -

၄။ ဇနီး/ခင်ပွန်းအမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-
အလုပ်အကိုင် -

၅။ အသက်(မွေးနေ့သက္ကရာဇ်) -

၆။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

၇။ ပညာအရည်အချင်း -

၈။ လက်ရှိရာထူးနှင့်ဌာန -

၉။ စတင်အမှုထမ်းဆောင်သည့်နေ့နှင့်အမှုထမ်းသက် -

၁၀။ အမှုထမ်းရာဇဝင်အကျဉ်း -

၁၁။ ဆက်သွယ်ရန်လိပ်စာ၊တယ်လီဖုန်းအမှတ်နှင့် Email Address -

၁၂။ ပြည်တွင်း၌တက်ရောက်ခဲ့သောဘွဲ့နှင့်အောင်မြင်ခဲ့သော (ရက်၊လ၊ခုနှစ်) -

၁၃။ ပြည်ပသို့ (၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့ဘူးပါက သွားရောက်ခဲ့သည့်နိုင်ငံ၊ သင်တန်းကာလ(ရက်၊ လ၊ နှစ်အတိအကျဖော်ပြရန်)

၁၄။ ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းတက်ရောက်နေခြင်း(သို့မဟုတ်)တက်ရောက်ရန် ရွေးချယ်ခံထားရခြင်းရှိ/မရှိ

၁၅။ ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ဆဲဖြစ်ပါက ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၁၆။ လျှောက်ထားသည့်သင်တန်း ---------------------------------------------------

၁၇။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသော ပါတ်စ်ပို့အရွယ်ဓါတ်ပုံ(၃)ပုံ

(ခ) အသက်မှန်ကန်ကြောင်းထောက်ခံစာမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူ

၁၈။ အချက်အလက်အားလုံးပြည့်စုံစွာဖော်ပြပြီး သင်တန်းသားကိုယ်တိုင် လက်မှတ်ရေးထိုး လျှောက်ထားရမည်ဖြစ်သည်။

၁၉။ လျှောက်လွှာများကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန/တက္ကသိုလ်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၂၀။ <u>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်လျှောက်လွှာပေးပို့ရန်မလိုပါ။</u>

၂၁။ သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်မှ သင်တန်းသား၏ လျှောက်လွှာပါအချက်အလက်များ မှန်ကန် ပြည့်စုံကြောင်းနှင့် သင်တန်းဝင်ရောက်ဖြေဆိုခွင့်ကို ထောက်ခံ/မထောက်ခံဖော်ပြ၍ ၎င်း၏ CDM ကင်းရှင်းကြောင်းခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့်၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှုမှတ်တမ်း၊ လစာထုတ်ယူမှုမှတ်တမ်းအကျဉ်းချုပ်၊ လျှောက်လွှာများနှင့်တကွ ဤကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်သို့ **(၂၅-၈-၂၀၂၃) ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထားပေးပို့ရမည်။**

၂၂။ သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်မှတဆင့် စိစစ်ထောက်ခံပေးပို့ခြင်းမရှိသည့် လျှောက်လွှာများကိုစဉ်းစားမည်မဟုတ်ပါ။

<u>အရည်အချင်းစစ်စာမေးပွဲ။</u>

သတ်မှတ်ထားသောအရည်အချင်းနှင့်ပြည့်စုံသူများသည် **အရည်အချင်းစစ်နှုတ်ဖြေစာမေးပွဲကို “ကျန်းမာရေးဝန်ကြီးဌာန၊ရုံးအမှတ်(၄)၊နေပြည်တော်”**တွင်ဖြေဆိုရမည်ဖြစ်ပြီး၊ ကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

<u>မှတ်ချက်။</u>

- လျှောက်လွှာပိတ်ရက်နောက်ပိုင်းမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
- စာမေးပွဲလာရောက်ဖြေဆိုသည့်အခါပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဝန်ထမ်းစိစစ်ရေးကဒ်ပြားများကို တင်ပြရပါမည်။
- အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
- ၀၆၇-၄၁၁၁၇၉ ညွှန်ကြားရေးမှူး
  ၀၆၇-၄၁၁၂၃၈ နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲ
  ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
- ၀၆၇-၄၁၁၁၄၈ နိုင်ငံခြားဆက်သွယ်ရေးဌာနခွဲ
  ၀၆၇-၄၁၁၁၄၉ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
  လိုင်းခွဲ-၈၀၉

(ဒေါက်တာတင်ထွန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း။

၁။ ကျန်းမာရေးဝန်ကြီးဌာန။

၂။ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန။

၃။ ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်များအားလုံး။